# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၄၈ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၄ - ၅ - ၂၀၁၅ ]
# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၄၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် လပ်ဗီးယား - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **လှည်းကူး မြို့နယ်၊ ကွျန်းကုန်းကျေးရွာအုပ်စု(မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည် စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင် လယ်သမား(၇၇)ဦးအား ပြန်လည်ချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မော်တော်ယာဉ်များ မှတ်ပုံတင် သက်တမ်းတိုးခြင်းကို နှစ်နှစ်တစ်ခါ ကာလအပိုင်းအခြားဖြင့် ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင် လိုင်စင်စာအုပ်၊ စာရွက်စာတမ်းများအစား Smart Card System ကျင့်သုံးဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုအတွက် အိမ်စီးမော်တော်ယာဉ်များကို ကန့်သတ်တားမြစ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မော်တော်ယာဉ်မှတ်ပုံတင်ကြေးများကို ထိရောက်သည့် ပမာဏတစ်ရပ်အထိ တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စုရှိ ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာတို့ကို ကျောက်ဖြူ-ရန်ကုန် ကားလမ်းမကြီးနှင့် အလွယ်တကူ တစ်ဆက်တည်း သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နေရာရွေးချယ်မှု မှားယွင်းနေသည့် ဖျာပုံမြို့နယ်၊ ဘိုးဘကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျပ်သိန်း (၅၇၀)တန် ဘိုးဘကုန်း-ဆိပ်မတံတား နေရာအား ပြည်သူအများ အဆင်ပြေချောမွေ့သည့် နေရာ၊ ပြည်သူအများစု လိုလားတောင့်တသည့် တံတားနေရာသို့ အချိန်မီရွေးချယ်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဝင်းတင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းတိုက်နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၈)ရွာအတွက် အမှန်တကယ်လိုအပ်နေသော မူးမြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်းတောင်းပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာသည့်အပေါ် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၄၈ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၄၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။